# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 14 , 2022 Volume 51, Number 10


**၁၄.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၀.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၉.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၉၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၆၀၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၂ ခုနှစ် ဇန်နဝါရီလအကုန်အထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂ ဒသမ ၁၇၂ ဘီလျံအထိ ခွင့်ပြုပေးထား

၂၀၂၂ ခုနှစ် ဇန်နဝါရီလအကုန်ထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂ ဒသမ ၁၇၂ ဘီလျံ (၂၁၇၂ ဒသမ ၉၀၂ သန်း) အထိ ခွင့်ပြုပေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)မှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၂၂ ခုအထိ ခွင့်ပြုပေးထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂ ဒသမ ၁၇၂ ဘီလျံအထိရှိသည်။ အထူးစီးပွားရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြု ပေးခြင်းဖြစ်ကြောင်းသိရသည်။

လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအပါအဝင် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းအမျိုးအစားရှစ်မျိုးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အဆိုပြုလွှာ တင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်ပြကြရန် ဖိတ်ခေါ်ထား သည်။ ယင်းလုပ်ငန်းများမှာ (က)ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ)ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဂ) သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဃ)စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့်ဆက်စပ်သည့်လုပ်ငန်းများ၊ (င) တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ)လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်းများ၊ (ဆ)ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများ၊ (ဇ)အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ် သည်။

အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဟုသိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အမှတ်-၁၊ သစ္စာလမ်း

ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း၀၁-၆၅၈၀၁၃၂၊ ၀၉၂၀၁၃၈၂၁ email : dica@mptmail.net.mm နှင့် dica.ipmm@gmail.com တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂၁ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/225587

## လေးလအတွင်း ခဲမဖြူနှင့် အဖြိုက်နက် ဖက်စပ်လုပ်ကွက်များမှ သတ္တုတန်ချိန် ၁၆၁ တန်ကျော် ထုတ်လုပ်ထားပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၁၅၂ တန်ကျော်ဖြင့် အများဆုံးဖြစ်

၂၀၂၁ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ လေးလအတွင်း ခဲမဖြူနှင့်အဖြိုက်နက် ဖက်စပ်လုပ်ကွက်များမှ သတ္တုတန်ချိန် ၁၆၁ တန်ကျော်ထုတ်လုပ်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၁၅၂ တန်ကျော်ဖြင့် အများဆုံး ထုတ်လုပ်ထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာတွင် သတ္တုတန်ချိန် ၈၄ ဒသမ ၈၆၂ တန်၊ နိုဝင်ဘာတွင် ၃၇ ဒသမ ၀၃၂ တန်၊ ဒီဇင်ဘာတွင် ၃၆ ဒသမ ၃၃၀ တန်၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ၃ ဒသမ ၀၃၂ တန်ဖြင့် စုစုပေါင်း ၁၆၁ ဒသမ ၂၅၆ တန် ထုတ်လုပ်ထားသည်။ အဆိုပါ လေးလအတွင်း ကယားပြည်နယ်မှ ၉ ဒသမ ၁၄၄ တန်၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၅၂ ဒသမ ၁၁၂ တန် ထုတ်လုပ်ထားကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခဲမဖြူနှင့်အဖြိုက်နက်ထုတ်လုပ်မှုတွင် ကယားပြည်နယ်၌ ၂၀၁၉ ခုနှစ် အောက်တို ဘာလအတွင်း ၁၈ ဒသမ ၂၈၉ တန်၊ နိုဝင်ဘာ၌ ၂၀ ဒသမ ၃၂၀၀ တန်၊ ဒီဇင်ဘာတွင် ၂၁ ဒသမ ၃၃၇၀ တန်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၂၃ ဒသမ ၃၆၉၀ တန်၊ ဖေဖော်ဝါရီတွင် ၂၁ ဒသမ ၃၃၇ တန်နှင့် မတ်တွင် ၁၈ ဒသမ ဒသမ ၂၈၉၀ တန်နှင့် ဇူလိုင်တွင် ၁၅ ဒသမ ၂၄၁၀ တန်၊ ဩဂုတ်တွင် ၂၀ ဒသမ ၃၂၁၀ တန်၊ စက်တင်ဘာတွင် ၁၅ ဒသမ၂၄၁၀ တန်ဖြင့် စုစုပေါင်း ၁၇၃ ဒသမ ၇၄၄၀ တန် ထုတ်လုပ်ထားသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၁၀ တန်၊ နိုဝင်ဘာတွင် ၄၅ ဒသမ ၈၂၂၁ တန်၊ ဒီဇင်ဘာတွင် ၃၆ ဒသမ ၁၇၄၀ တန်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၃၃ တန်၊ ဖေဖော်ဝါရီတွင် ၄၅ ဒသမ ၇၁၄၀ တန်နှင့် မတ်တွင် ၅၅ တန်နှင့် ဧပြီတွင် ၂၈ တန်နှင့် မေတွင် ၇၅ တန်၊ ဇွန်တွင် ၃၁ တန်နှင့် ဇူလိုင်တွင် ၁၀ ဒသမ ၉၃၉၀ တန်၊ ဩဂုတ်တွင် ၁၈ ဒသမ ၀၁၁၀ တန်၊ စက်တင်ဘာတွင် ၄၇ ဒသမ ၆၅၁၀ တန်ဖြင့် စုစုပေါင်း ၄၃၆ တန်ကျော် ထုတ်လုပ်ထားသည်။

လအလိုက် ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၂၈ ဒသမ ၂၈၉၀ တန်၊ နိုဝင်ဘာတွင် ၆၆ ဒသမ ၁၄၂၀ တန်၊ ဒီဇင်ဘာတွင် ၅၇ ဒသမ ၄၁၁၀ တန်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၅၆ ဒသမ ၃၆၉၀ တန်၊ ဖေဖော်ဝါရီ ၌ ၆၇ ဒသမ ၁၅၁၀ တန်၊ မတ်တွင် ၇၃ ဒသမ ၂၈၉၀ တန်နှင့် ဧပြီတွင် ၂၈ တန်နှင့် မေတွင် ၇၅ တန်၊ ဇွန် တွင် ၃၁ တန်နှင့် ဇူလိုင်တွင် ၂၆ ဒသမ ၁၈ တန်၊ ဩဂုတ်တွင် ၃၈ ဒသမ ၃၃၂၀ တန်၊ စက်တင်ဘာတွင် ၆၂ ဒသမ ၈၉၂၀ တန်ဖြင့် စုစုပေါင်း ၆၀၉ ဒသမ ၉၅၅၀ တန် ထုတ်လုပ်ထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ ၁၀ လအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ရွှေသတ္တုဖက်စပ် လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှု ထရိုင်အောင်စ ၆၃၅၅ ဒသမ ၃၄ ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ထရိုင်အောင်စ ၄၇၃၂ ဒသမ ၇၃ အထိ ထုတ်လုပ်ထားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရွှေသတ္တုဖက်စပ်လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှုတွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ရွှေသတ္တု ဖက်စပ်လုပ်ကွက်များမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ၅၈၅ ဒသမ ၃၈ ထရိုင်အောင်စ၊ နိုဝင်ဘာလ အတွင်း ၅၂ ဒသမ ၄၄ ထရိုင်အောင်စ၊ ဒီဇင်ဘာလအတွင်း ၄၆၁ ဒသမ ၉၆၀ ထရိုင် အောင်စ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၄၂၇

ဒသမ ၈၇၀ ထရိုင်အောင်စ၊ ဖေဖော်ဝါရီတွင် ၅၀၆ ဒသမ ၆၄၀ ထရိုင်အောင်စ၊ မတ်တွင် ၆၁၃ ဒသမ ၃၄၀ ထရိုင်အောင်စ၊ ဧပြီတွင် ၅၆၂ ဒသမ ၆၆၀ ထရိုင်အောင်စ၊ မေတွင် ၅၆၁ ဒသမ ၇၀၀ ထရိုင်အောင်စ၊ ဇွန်တွင် ၄၈၀ ဒသမ ၃၇၀ ထရိုင်အောင်စနှင့် ဇူလိုင်တွင် ၄၈၀ ဒသမ ၃၇၀ ထရိုင်အောင်စ ထုတ်လုပ်ခဲ့ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွှေသတ္တုဖြက်စပ်လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှု၌ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ၈၆ ဒသမ ၅၅ ထရိုင်အောင်စ၊ နိုဝင်ဘာလအတွင်း ၉၈ ဒသမ ၄၂ ထရိုင်အောင်စ၊ ဒီဇင်ဘာတွင် ၁၂၃ ဒသမ ၁၈၀ ထရိုင်အောင်စနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၄၂ ဒသမ ၇၄၀ ထရိုင်အောင်စ၊ မတ်တွင် ၃၆၉ ဒသမ ၈၅၀ ထရိုင်အောင်စ၊ မေတွင် ၁၀၀ ဒသမ ၈၆၀ ထရိုင်အောင်စ၊ ဇွန်တွင် ၂၁၄ ဒသမ ၀၂၀ ထရိုင်အောင်စနှင့် ဇူလိုင်တွင် ၃၈၁ ဒသမ ၆၇၀ ထရိုင်အောင်စ ထုတ်လုပ်ခဲ့ကြောင်းသိရသည်။

လအလိုက် ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာ၌ ၆၇၁ ဒသမ ၉၃၀ ထရိုင်အောင်စ၊ နိုဝင်ဘာတွင် ၁၅၀ ဒသမ ၈၆၀ ထရိုင်အောင်စ၊ ဒီဇင်ဘာ၌ ၅၈၅ ဒသမ ၁၄၀ ထရိုင်အောင်စ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၄၇၀ ဒသမ ၆၁၀ ထရိုင်အောင်စ၊ ဖေဖော်ဝါရီ၌ ၅၀၆ ဒသမ ၆၄၀ ထရိုင်အောင်စ၊ မတ်တွင် ၁၀၁၅ ဒသမ ၁၅၀ ထရိုင်အောင်စ၊ ဧပြီတွင် ၅၆၂ ဒသမ ၆၆၀ ထရိုင်အောင်စ၊ မေတွင် ၇၁၁ ဒသမ ၅၉၀ထရိုင်အောင်စ၊ ဇွန်၌ ၇၂၈ ဒသမ ၈၀၀ ထရိုင်အောင်စ နှင့် ဇူလိုင်တွင် ၉၅၁ ဒသမ ၉၆၀ ထရိုင်အောင်စဖြင့် စုစုပေါင်း ၆၃၅၅ ဒသမ ၃၄ ထရိုင်အောင်စ ထုတ်လုပ်ထားသည်။

**Source:** https://news-eleven.com/article/225626

## အမေရိကန်၌ စားဝတ်နေရေးအတွက် အစစအရာရာ ဈေးနှုန်းများ ဆက်လက်မြင့်တက်

အမေရိကန်နိုင်ငံ၌ ဇန်နဝါရီလအတွင်း စားသုံးသူဈေးနှုန်းဖောင်းပွမှုသည် သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာသည့်အတွက် နှစ်စဉ်ငွေကြေး ဖောင်းပွမှုနှုန်းကို ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာစေသောကြောင့် စားဝတ်နေရေးအတွက် အစစအရာရာ ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခုကဲ့သို့ငွေကြေးဖောင်းပွမှုသည် ၁၉၈၂ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးနှုန်းထားဖြစ်ပြီး အထူးသဖြင့် အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် ကုန်ပစ္စည်းအမျိုးမျိုး၏ ဈေးနှုန်းများမြင့်တက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဂျုံများ၊ မုန့်ဖုတ်ပစ္စည်းများ၊ နို့ထွက်ကုန်များ၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းမြင့်တက်ခြင်းကြောင့် အစားအစာဈေးနှုန်းသည် ၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ လျှပ်စစ်မီးသည် ၄ ဒသမ ၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အိမ်ငှားရမ်းခသည် သုည ဒသမ ၄ ရာခိုင်နှုန်းသို့ လည်းကောင်း မြင့်တက်လာသည်ကို တွေ့ရသည်။

အဆိုပါ ငွေကြေးဖောင်းပွမှုသည် ဗဟိုဘဏ်၏ မျှော်မှန်းချက်ဖြစ်သော ၂ ရာခိုင်နှုန်းထက် များစွာကျော်လွန်နေသောကြောင့် လက်ရှိစီးပွားရေး အခြေအနေအပေါ် ထိခိုက်စေကာ လာမည့်လ အနည်းငယ်အတွင်း အတိုးနှုန်းကို တိုးမြှင့်ရမည့် အလားအလာရှိကြောင်း လေ့လာသူများကပြောသည်။

ကျွမ်းကျင်ပညာရှင် အချို့ကမူ ဇူလိုင် ၁ ရက်အရောက်တွင် အတိုးနှုန်းကို ၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ရမည်ဟုပြောထားသည်။ သို့သော် အချို့ပညာရှင်များကမူ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်း ကျဆင်းစေရေးအတွက် အခြားနည်းလမ်းများကို ရှာဖွေရန် မျှော်လင့်ထားကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/21993

## မြန်မာ-ထိုင်း ကုန်သွယ်မှုတိုးလာပေမဲ့ တရုတ်နဲ့ကုန်သွယ်မှု သိသာစွာလျော့ကျ

လက်ရှိမိနီဘတ်ဂျက်ကာလ (အောက်တိုဘာ ၁ ကနေ ဖေဖော်ဝါရီ ၄ ရက်အထိ) မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုဝင်ငွေဟာ မနှစ်ကထက် ကန်ဒေါ်လာ သန်း ၅၀၀ နီးပါးတိုးတက်လာပေမဲ့ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုဝင်ငွေကတော့ ဒေါ်လာ သန်း ၂ ထောင်ကျော်ထိ လျော့နည်းနေတယ်လို့ သိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ မြန်မာ-ထိုင်း ကုန်သွယ်ရေးစခန်းတွေဖြစ်တဲ့ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မော်တောင်စတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းအားလုံးရဲ့ ကုန်သွယ်မှုဝင်ငွေက ပို့ကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၁၁၃၀.၅၂၀ သန်း၊ သွင်းကုန်အနေနဲ့ ၆၁၃.၈၉၀ သန်း စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၄၄.၄၁၀ သန်း ရှိနေပါတယ်။

မနှစ်က ကာလတူမှာတော့ ပို့ကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၈၁၆.၆၇၁ သန်း၊ သွင်းကုန်အနေနဲ့ ၄၄၃.၂၈၆ သန်း စုစုပေါင်း ကုန်သွယ်မှုအနေနဲ့ ဒေါ်လာ ၁၂၅၉.၉၅၇ သန်းရှိနေတဲ့အတွက် ကာလနှစ်ခုနှိုင်းယှဉ်လိုက်ရင် ကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၄၈၄.၄၅၃ သန်း တိုးတက်လာတာ တွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး တိုးတက်လာရာမှာ ပို့ကုန်ဘက်က အတော်လေးတိုးတက်မှုရှိနေပြီး မြဝတီနယ်စပ်မှာဆိုရင် အရင်ကထက် နှစ်ဆကျော်အထိ တိုးတက်လာနေတယ်လို့ ကုန်သည်တွေက ပြောပါတယ်။ ဒါပေမဲ့ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရာမှာတော့ ဖော်ပြပါကာလအတွင်း ပို့ကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၅၀၁.၁၃၇ သန်း၊ သွင်းကုန်အနေနဲ့ ဒေါ်လာ ၄၄.၆၁၂ သန်း စုစုပေါင်း ကုန်သွယ်မှုဝင်ငွေဟာ ၅၄၅.၇၄၉ သန်းပဲ ရှိနေသေးတယ်လို့ သိရပါတယ်။

အရင်နှစ်ကာလတူကဆိုရင် ပို့ကုန်အနေနဲ့ ဒေါ်လာ ၁၈၉၈.၀၂၈ သန်း၊ သွင်းကုန်အနေနဲ့ ၈၁၃.၉၅၂ သန်း စုစုပေါင်း ကုန်သွယ်မှုဝင်ငွေက ဒေါ်လာ ၂၇၁၁.၉၈၀ သန်း ရှိခဲ့တဲ့အတွက် ကာလတူချင်းယှဉ်လိုက်ရင် ပို့ကုန်မှာ ၁၃၉၆.၈၉၁ သန်း၊ သွင်းကုန်မှာ-၇၆၉.၃၄၀ သန်း စုစုပေါင်းကုန်သွယ်မှုဝင်ငွေအနေနဲ့ ဒေါ်လာ ၂၁၆၆.၂၃၁ သန်း လျော့ကျနေပါတယ်။

Source: Current Contant

## ၂၀၂၂ ခုနှစ်တွင် ပဲပုပ်စေ့တန်ချိန် ၁၃၁.၈ သန်းအထိထွက်ရှိနိုင်ရန် ဘရာဇီးလ်နိုင်ငံမျှော်မှန်းထား



Soybean harvest

ဘရာဇီးလ်နိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု သုတေသနပြုချက်များအရ ၂၀၂၂ ခုနှစ်တွင် ပဲပုပ်စေ့တန်ချိန် ၂၇၁.၉ သန်းခန့် စိုက်ပျိုးထုတ်လုပ်နိုင်ရန်မျှော်မှန်းထားကြောင်း ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်ထုတ်ပြန်သည့် Brazilian Institute of Geography and Statistics (IBGE)၏ သတင်းတွင်ဖော်ပြခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင်ထုတ်ပြန်ခဲ့သည့် စိုက်ပျိုးရေးသုတေသနအဖွဲ့၏ သီးနှံခန့်မှန်းချက်တွင် ဘရာဇီးလ်နိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုပ်စေ့တန်ချိန် ၁၃၁ သန်း၊ ပြောင်းတန်ချိန် ၁၀၉.၉ သန်းနှင့် ဆန်တန်ချိန် ၁၁.၀ သန်းတို့ အသီးသီးထွက်ရှိနိုင်ကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ နှံစားသီးနှံ၊ ပဲတောင့်ရှည်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၂၇၁.၉၀ သန်းအထိ စံချိန်တင်ထွက်ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၂၅၃.၂၀ သန်းထွက်ရှိခဲ့သဖြင့် ယခုနှစ်တွင် သီးနှံထွက်ရှိမှုသည် ၇.၄ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်း စီးပွားရေးဌာန(IBGE)၏ သတင်းတွင်ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် သီးနှံစိုက်ပျိုးမှုဧရိယာသည် ၆၈.၆ သန်းကျော်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၇၁.၂ သန်းအထိ စိုက်ပျိုးနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်၏ သီးနှံစိုက်ပျိုးမှုအား ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပြောင်းစိုက်ဧရိယာတွင် ၅.၈ ရာခိုင်နှုန်း၊ ဝါစိုက်ဧရိယာတွင် ၇.၂ ရာခိုင်နှုန်းနှင့် ပဲပုပ်စေ့စိုက်ပျိုးဧရိယာတွင် ၃.၆ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက်နိုင်ပြီး ဆန်စိုက်ပျိုးမှုတွင် ၀.၉ ရာခိုင်နှုန်းနှင့် ဂျုံစိုက်ပျိုးမှုတွင် ၁.၇ ရာခိုင်နှုန်းတို့လျော့ကျနိုင်ကြောင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

**Source: canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရာဇီးလ်)**

## စင်ကာပူနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်သွင်းမှုပမာဏသည် ၂၀၂၁ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၂.၄၃၈ ဘီလီယံရှိခြင်း

စင်ကာပူနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်သွင်းမှု စင်ကာပူဒေါ်လာ ၂.၄၃၈ ဘီလီယံ ရှိခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် တင်သွင်းခဲ့သော စင်ကာပူ ဒေါ်လာ ၂.၄၁၇ ဘီလီယံနှင့် ၂၀၁၉ ခုနှစ်တွင် တင်သွင်းခဲ့သော စင်ကာပူဒေါ်လာ ၂.၁၈၇ ဘီလီယံတို့ထက် တင်သွင်းမှုပမာဏအနည်းငယ်မြင့်တက်ခဲ့ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းအရ သိရှိရပါသည်။

စင်ကာပူသည် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို မလေးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိကနိုင်ငံတို့မှ အဓိကတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို အခြား နိုင်ငံများသို့ ပြန်လည်တင်ပို့မှု (Re-export) သည် ၂၀၂၁ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၀.၃၇၆ ဘီလီယံ၊ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူဒေါ်လာ ၀.၃၆၄ ဘီလီယံနှင့် ၂၀၁၉ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၀.၃၃၃ ဘီလီယံ ရှိကြောင်း ဖော်ပြထားပါသည်။

**Source: Department of Statistics, Singapore Food Agency**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ)**

## ထိုင်းနိုင်ငံသည် ဆော်ဒီအာရေဗျနှင့်ကုန်သွယ်မှု ၂၀ ရာခိုင်နှုန်းတိုးလာနိုင်ခြင်း

ထိုင်းနိုင်ငံနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ဆယ်စုနှစ်သုံးခုကျော်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် သံတမန်ဆက်ဆံရေး အပြည့်အဝ ပြန်လည်ထူထောင်ရန်မကြာသေးမီက သဘောတူညီခဲ့ကြပြီးသည့်နောက် ယခုနှစ်တွင် ကုန်သွယ်မှုအနေဖြင့် (၂၀%)ခန့် တိုးလာနိုင်မည်ဟုခန့်မှန်းထားကြောင်း ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လေ့လာဆန်းစစ်မှု တစ်ရပ်အရ သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာဦးစီးဌာန(TPSO)၏ ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat က ၎င်း၏ TPSO ဌာနအနေဖြင့် ဆော်ဒီဈေးကွက်သို့ ပို့ကုန်များတင်ပို့နိုင်ရေး လေ့လာဆန်းစစ်မှုကိုပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းဌာန၏ လေ့လာဆန်းစစ်မှုများအရ ဆော်ဒီဈေးကွက်အနေဖြင့် ယခင်ကတည်းက ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ဈေးကွက်တစ်ခုဖြစ်ခဲ့ကြောင်းနှင့် ထိုင်းနိုင်ငံ၏ပြည်ပပို့ကုန်များမြင့်တင်ရန် အလားအလာများစွာရှိနေသည်ကိုတွေ့ရှိခဲ့ကြောင်းပြောကြားခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ဆော်ဒီအာရေဗျနိုင်ငံ၏ GDPမှာ အမေရိကန် ဒေါ်လာ(၇၀၀) ထရီလီယံ ရှိကြောင်း၊ တစ်ဦးချင်းပျမ်းမျှဝင်ငွေမှာ ၂၀၂၁ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၄၆,၇၀၀)ရှိကြောင်း၊ ရေနံဈေးနှုန်းမြင့်တက်မှုများနှင့် ရေနံနှင့်မသက်ဆိုင်သည့် စီးပွားရေးလုပ်ရှားမှုများကြောင့် ၂၀၂၂ခုနှစ်အတွက် ဆော်ဒီအာရေဗျနိုင်ငံ၏ GDP တိုးတက်မှုမှာ (၄.၉%)နှင့် ၂၀၂၃ ခုနှစ်အတွက် GDP တိုးတက်မှုမှာ (၂.၃%)ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။

အရှေ့အလယ်ပိုင်းတွင် တူရကီပြီးပါက ဆော်ဒီအာရေဗျနိုင်ငံသည် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးမားဆုံးဈေးကွက်ကြီး တစ်ခုဖြစ်ကြောင်းသိရှိရပါသည်။ ၂၀၂၂ ခုနှစ်တွင်ထိုင်းနိုင်ငံနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ ဘတ်ငွေ(၂၈၀.၃၃)ဘီလီယံရှိနိုင်ကြောင်း ယခင်နှစ်ကထက် (၂၀.၃%)တိုးတက်လာနိုင်ကြောင်း၊ အဆိုပါစုစုပေါင်းပမာဏတွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ဘတ်ငွေ(၅၄.၆၇)ဘီလီယံခန့်ရှိနိုင်ပြီး၊ (၆.၂%)ခန့် တိုးတက်နိုင်ကြောင်းနှင့် သွင်းကုန်တင်သွင်းမှုအနေဖြင့် ဘတ်ငွေ(၂၂၅.၆၅)ဘီလီယံခန့်ရှိနိုင်ပြီး(၂၄.၃%)ခန့်တိုးတက်နိုင်ကြောင်း ကုန်သွယ်မှုမူဝါဒနှင့်မဟာဗျူဟာဦးစီးဌာန (TPSO) က ခန့်မှန်းထားပါသည်။

ပို့ကုန်တင်ပို့မှု မြင့်မားစွာတိုးတက်နိုင်သည့် အလားအလာရှိသည့်အဓိကပို့ကုန်များအနေဖြင့် မော်တော်ကားများ၊ ရော်ဘာထုတ်ကုန်များ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာများ၊ စက်ကရိယာများနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ စည်သွပ်နှင့် ပြုပြင်ထားသော ပင်လယ်စာများ၊ လတ်ဆပ်၊ အေးခဲနှင့်အခြောက်ခံထားသောသစ်သီးဝလံများဖြစ်ကြောင်းသိရှိရပါသည်။

ဆော်ဒီအာရေဗျနိုင်ငံမှတင်သွင်းမည့် အဓိကသွင်းကုန်ပစ္စည်းများတွင် ရေနံစိမ်း၊ ဓါတုဗေဒပစ္စည်းများ၊ သန့်စင်ပြီး စက်သုံးဆီ၊ သတ္တုရိုင်းများနှင့်အပိုင်းအစများ၊ တွင်းထွက်ပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ အိမ်သုံးပရိဘောဂများ၊

မော်တော်ယာဥ်အစိတ်အပိုင်းများနှင့်စက် ကရိယာ ပစ္စည်းများဖြစ်ကြောင်းသိရှိရပါသည်။

၂၀၂၁ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ဘတ်ငွေ(၂၄၁.၃၆) ဘီလီယံ (အမေရိကန်ဒေါ်လာ ၇.၃၀ဘီလီယံ) ရှိခဲ့ကြောင်း၊ ၎င်းတွင် ထိုင်းနိုင်ငံမှပို့ကုန်တင်ပို့မှုမှာ ဘတ်ငွေ(၅၃.၈၈) ဘီလီယံ (အမေရိကန်ဒေါ်လာ၁.၆၃ဘီလီယံ)ရှိခဲ့ပြီး၊ သွင်းကုန်တင်သွင်းမှုမှာဘတ်ငွေ(၁၈၇.၁၂)ဘီလီယံ(အမေရိကန်ဒေါ်လာ၅.၆၆ဘီလီယံ) ရှိခဲ့ကြောင်းသိရှိရပါသည်။

Bangkok Post

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## STOCK EXCHANGE (14.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 1,655 | 13,573,000 | 33,109,694 | 274,810 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,000 | 3,000 | 3,000 | 4,618 | 13,854,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 25 | 66,250 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 5,200 | +0 | +0.00% | 4,200 | 5,200 | 4,200 | 591 | 2,709,300 | 10,497,598 | 54,588 |


### Market summary

As of 14th Feb. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.38 | +1.15 | +0.30% | 375.19 | 382.38 | 375.19 | 6,889 | 30,202,550 | 7 | 665,199 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 14th Feb. 2022

| MYANPIX | 382.38 ▲ 1.15 |
|---|---|
| Total Volume (shares) | 6,889 |
| Total Value (MMK) | 30 mil |
| Listed Company | 7 |
| Market Cap. (MMK) | 665,199 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,200 | ▲ 0 |

TIR